# ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး

# ၂၅ ရက်မြောက်နေ့အစီအစဉ်

# [ ၁၃–၈–၂၀၁၂ ] (တနင်္လာနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်း နှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ၂၅ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးအောင်ဆန်း၊ ပန်းဘဲတန်း မဲဆန္ဒနယ်၏ **ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ စက်ရုံများ၊ အလုပ်ဌာနများ၊ကုမ္ပဏီများ၊ ဈေးကြီးများ အတွင်းရှိ အလုပ်သမားများနှင့် ပျံကျအလုပ်သမားများအား လူမှုဖူလုံရေးအကျိုးခံစားခွင့်ရရှိစေခြင်းတို့ကို သက်ဆိုင်ရာ ဌာနမှ နည်းလမ်းရှာဖွေဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ခ) ဦးဇုံးတိန့်၊ ချီဖွေ မဲဆန္ဒနယ်၏ **ကချင်ပြည်နယ်အတွင်း တာဝန် ထမ်းဆောင်ကြသော ဝန်ထမ်းများအားခန့်ထားခြင်း၊ ရာထူး တိုးမြှင့်ခြင်း၊ ပြောင်းရွှေ့ခြင်း၊ ပြည်နယ်နှင့် ရုံးချုပ်များတွင် အလှည့်ကျ တာဝန်ထမ်းဆောင်စေခြင်း၊ အရည်အချင်းတူညီပါက ဒေသခံပြည်နယ်သားများအား ဦးစားပေးစီစဉ် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့်မေးခွန်း။

(ဂ) ဦးခိုင်မောင်ရည်၊ အလုံ မဲဆန္ဒနယ်၏ **လုပ်သက်မြင့် နိုင်ငံ့ဝန်ထမ်းများ သတ်မှတ်ထားသည့် ငွေကြေးကို မိမိတို့လစာငွေများမှ အရစ်ကျ အကျေပေးသွင်းခဲ့ပြီးဖြစ်သော မြေကွက်များတွင် တရားဝင် နေထိုင်ခွင့်ရရှိရေး** နှင့် စပ်လျဉ်းသည့်မေးခွန်း။

၆။ သူရဦးအောင်ကို၊ ကန်ပက်လက် မဲဆန္ဒနယ်က **"စာချုပ်တော်အမိန့် လျှောက်ထားမှု ဆိုင်ရာကန့်သတ်ချက်အချို့ကို ပြင်ဆင်ပယ်ဖျက်ပေးပါရန်"** အဆို တင်သွင်းခြင်းနှင့်လက်ခံဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ် ရယူခြင်း။

၇။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ် ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

၈။ **" နိုင်ငံခြားရင်းနှီး မြှုပ်နှံမှု ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ ပြင်ဆင်ချက် အဆို တင်သွင်းထားသည့် ကိုယ်စားလှယ်များက တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေးခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၉။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေး ၂၅ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့်အစည်းအဝေး ၂၆ ရက် မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။